# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# နိုင်ငံတော်ကောင်စီ

# ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ

**[၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၉]**

**ရန်ကုန်မြို့၊ ၁၃၄၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်**

**(၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေငြာသည်။

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ် စောင့်ရှောက်သည့် ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက် ရောက်စေရမည် -

(က) **ပါရာဇိကအာပတ် သင့်ရောက်သောပုဂ္ဂိုလ်**ဆိုသည်မှာ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာဥပဒေအရ သံဃဝိနိစ္ဆယအဖွဲ့က အသုဒ္ဓအဖြစ် ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ် သို့မဟုတ် မိမိဆန္ဒအလျောက် မဟုတ်ဘဲ သက်ဆိုင်ရာက စုံစမ်းဖော်ထုတ် အရေးယူသည့် အခါမှ ပါရာဇိကအမှု ကျူးလွန်ခဲ့ကြောင်းကို သံဃနာယက အဖွဲ့ဝင်တစ်ပါးပါး၏ ရှေ့မှောက်၌ ဝန်ခံကတိ လက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေအရ အသုဒ္ဓအဖြစ်ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်ကိုဖြစ်စေ ဆိုသည်၊

(ခ) **အသုဒ္ဓ**ဆိုသည်မှာ ပါရာဇိကအမှုကို ကျူးလွန်သဖြင့် ရဟန်းအဖြစ်မှ ဆုံးရှုံးသော ပုဂ္ဂိုလ် ကိုဆိုသည်၊

(ဂ) **ပရိသုဒ္ဓပြုသောပုဂ္ဂိုလ်** ဆိုသည်မှာ ပါရာဇိကအမှုကို ကျူးလွန်မိကြောင်း သိလျှင်သိချင်း စင်ကြယ်မှုကို ရှေးရှုလျက် မိမိဆန္ဒအလျောက် မိမိအပြစ်ကို မြို့နယ်သံဃနာယကအဖွဲ့၏ ရှေ့မှောက်၌ ထုတ်ဖော်ဝန်ခံ၍ဖြစ်စေ၊ မိမိသီလအပေါ် သံသယရှိသဖြင့် မြို့နယ်သံဃနာယက အဖွဲ့၏ အဆုံးအဖြတ်ကို ခံယူ၍ဖြစ်စေ၊ ရှင်သာမဏေအဖြစ် သို့မဟုတ် လူဝတ်ကြောင် အဖြစ်သို့ ကူးပြောင်းသော ပုဂ္ဂိုလ်ကို ဆိုသည်၊

(ဃ) **ထေနက** ဆိုသည်မှာ သူတစ်ဦးဦးသည် ရဟန်းသာမဏေတို့၏ သီလမရှိပဲ ရဟန်း သာမဏေအသွင်ဆောင်ခြင်း၊ ယင်းသို့ အသွင်ဆောင်၍ ရဟန်းသာမဏေကောင်းတို့နှင့် ပေါင်းသင်းခြင်းကိုသော်လည်း ကောင်း၊ ပါရာဇိကအမှုကို ကျူးလွန်မိကြောင်း သိပါလျက် ပရိသုဒ္ဓမပြုဘဲထိမ်ချန်၍ ရဟန်း ကောင်းတို့နှင့် ပေါင်းသင်းခြင်းကိုသော်လည်းကောင်း ပြုကြောင်းကို ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေအရ သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးတွေ့ရှိ ရသဖြင့် သက်န်းဝတ်ခွင့်မရှိဟု ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်ကို ဆိုသည်၊

Myanmar Law Information System (MLIS)

(င) **နေဝသုဒ္ဓနာသုဒ္ဓ** ဆိုသည်မှာ အစွပ်စွဲခံရသောရဟန်းသည် ပါရာဇိကအမှုကို ကျူးလွန်ခဲ့ ကြောင်း သက်သေခံအထောက်အထား မြောက်မြားစွာရှိနေ၍ ယင်းအားစစ်ဆေးလျက်ရှိသည့် ဝိနိစ္ဆယအဖွဲ့က ဝိနည်းမိုရ် ပုဂ္ဂိုလ်၏စိတ်၌ ပါရာဇိကအမှုကို ကျူးလွန်ခဲ့သူ အသုဒ္ဓဟု ထင်မြင် ယူဆသော်လည်း ဝိနည်းတော်အရ ကာယကံရှင် ကိုယ်တိုင်က ပဋိညာဉ်ဝန်ခံချက်ပေးမှသာ အသုဒ္ဓ ဟု ဆုံးဖြတ်ရမည်ဖြစ်၍ သီလစင်ကြယ်သော ပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ်၊ သီလမစင်ကြယ်သော ပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ်ဟုဆုံးဖြတ်ခြင်းခံရသဖြင့် သံဃအဖွဲ့အစည်း အဆင့်ဆင့်တို့က ကြဉ်ဖယ်ထားပြီး သာသနာဝင်မှတ်တမ်းကို ထုတ်ပေးခြင်းမပြုရန်နှင့် ထုတ်ပေးပြီးဖြစ်ပါက ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ထားခြင်းခံရသော ပုဂ္ဂိုလ်ကိုဆိုသည်၊

(စ) **ရဟန်းယောင်ဆောင်ခြင်း** ဆိုသည်မှာ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်ကို ရယူခဲ့သည့် ပုဂ္ဂိုလ်အား ထုတ်ပေးထားသော သာသနာဝင်မှတ်တမ်းမရှိဘဲ သို့မဟုတ် ဒုလ္လဘရဟန်းဖြစ်ပါက ရဟန်းဖြစ်ချိန် ရက်ချုပ်အခိုင်အမာမရှိဘဲ သင်္ကန်းဝတ်ခြင်းကိုဆိုသည်၊

(ဆ) **ဉတ္တိစတုတ္ထကံ** ဆိုသည်မှာ ဉတ်တစ်ကြိမ်၊ ကမ္မဝါစာ သုံးကြိမ်ဖြင့် ပြုလုပ်အပ်သော သံဃာ့ ကိစ္စ ကိုဆိုသည်၊

(ဇ) **ရှင်သာမဏေယောင်ဆောင်ခြင်း** ဆိုသည်မှာ ဝိနည်းတော်နှင့်အညီ ဥပဇ္ဈာယ်ဆရာထံမှ ရှင်သာမဏေအဖြစ်ကို ရယူခဲ့သည့်ပုဂ္ဂိုလ်အားထုတ်ပေးထားသော သာသနာဝင်မှတ်တမ်းမရှိဘဲ သို့မဟုတ် ခေတ္တဝတ်သောရှင်သာမဏေ ဖြစ်ပါက ဥပဇ္ဈာယ်ဆရာမရှိဘဲ သင်္ကန်းဝတ်ခြင်းကို ဆိုသည်၊

(ဈ) **သီးခြားဝိနည်းမိုရ်အဖွဲ့** ဆိုသည်မှာ ဓမ္မ အဓမ္မ အငြင်းပွားမှုကို ဆုံးဖြတ်ရန်အလို့ငှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းသောအဖွဲ့ကိုဆိုသည်။

## အခန်း(၂)
## ပြစ်မှုများ

၃။ (က) ပရိသုဒ္ဓပြု၍ ရှင်သာမဏေပြုခွင့်ရသော ပုဂ္ဂိုလ်မှတပါး ပါရာဇိကအာပတ်သင့်ရောက် သောပုဂ္ဂိုလ်သည် ရှင်သာမဏေပြုလိုပါက ထေနက ဟုတ်မဟုတ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ် ချက်ကို ရယူရမည်၊

(ခ) သံဃဝိနိစ္ဆယအဖွဲ့က ထေနကအဖြစ် ဆုံးဖြတ်ခြင်းခံရသောပုဂ္ဂိုလ်သည် သင်္ကန်း ဝတ်ရုံခြင်း မပြုရ။

၄။ သံဃဝိနိစ္ဆယအဖွဲ့က နေဝသုဒ္ဓနာသုဒ္ဓအဖြစ် ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်သည် သင်္ကန်း ဝတ်ရုံခြင်း မပြုရ။

၅။ ရဟန်းယောင်ဆောင်ခြင်း၊ ရှင်သာမဏေယောင်ဆောင်ခြင်းကိုမည်သူမျှမပြုရ။

၆။ သီးခြားဝိနည်းမိုရ်အဖွဲ့၏ ဝိနိစ္ဆယဆုံးဖြတ်ချက်ပါ အဓမ္မဝါဒ မပြန့်ပွားစေရန် သာသနာရေး ဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်တစ်ရပ်ရပ်ကို မည်သူမျှ ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။

၇။ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ကထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို မည်သူမျှ ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။

## အခန်း(၃)

## ပြစ်ဒဏ်များ

၈။ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ထောင်ဒဏ် သုံးနှစ် ကျခံစေရမည်။

၉။ မည်သူမဆို ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် သုံးနှစ်ကျခံစေရမည်။

၁၀။ မည်သူမဆို ပုဒ်မ ၆ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထောင်ဒဏ်ငါးနှစ်ကျခံစေရမည်။

၁၁။ မည်သူမဆို ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထောင်ဒဏ် ခြောက်လ ကျခံစေရမည်။

## အခန်း(၄)

## အထွေထွေ

၁၂။ ပုဒ်မ ၈ အရဖြစ်စေ၊ ပုဒ်မ ၉ အရဖြစ်စေ၊ ပုဒ်မ ၁၀ အရဖြစ်စေ တရားစွဲဆိုရာ၌ သာသနာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၃။ ဤဥပဒေအရ တရားစွဲဆိုသော မှုခင်းများတွင် -

(က) ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဋ္ဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေအရဖြစ်စေ၊ ဝိနည်းဓမ္မကံ အဓိက ရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအရဖြစ်စေ ချမှတ်ခဲ့သော ဝိနိစ္ဆယ ဆုံးဖြတ် ချက်သည်လည်းကောင်း၊ ပါရာဇိကအမှု ကျူးလွန်ခဲ့ကြောင်းကို သံဃနာယကအဖွဲ့ဝင် ရှေ့မှောက်၌လက်မှတ်ရေးထိုးဝန်ခံ ကတိပြုလွှာသည်လည်းကောင်း လုံလောက်သော သက်သေခံ အထောက်အထားဖြစ်စေရမည်၊

(ခ) ပုဒ်မခွဲ(က) ပါဝိနိစ္ဆယဆုံးဖြတ်ချက်သည် ချမှတ်ခဲ့သည့် ဝိနည်းဓိုရ်ဆရာတော်ကိုဖြစ်စေ၊ သီးခြားဝိနည်းဓိုရ်အဖွဲ့ဝင် ဆရာတော်ကိုဖြစ်စေ၊ ဝန်ခံကတိပြုရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် သံဃနာယကအဖွဲ့ဝင် ဆရာတော်ကိုဖြစ်စေ သက်သေအဖြစ် တရားရုံးက ပင့်ဆောင်ခြင်း မပြုရ။

(ပုံ) စန်းယု

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၄၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်။

Myanmar Law Information System (MLIS)

ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ
(၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး တင်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်ကောင်စီရုံး၊
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

Myanmar Law Information System (MLIS)